နောင်ပကပ်ကျေးရွာ

ခတ်ချိုကျေးရွာအုပ်စု၊ဝိုင်းမော်မြို့နယ်

ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၆-၂၀၂၀)

ပြုစုရေးဆွဲရေးသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောင်ပကပ်ကျေးရွာ၊ဝိုင်းမော်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ခုနှစ် ၊စက်တင်ဘာလ

# မာတိကာ


| | |
|---|---|
| မာတိကာ | ၁ |
| အတိုကောက်စကားလုံးများ | ၅ |
| စကားချီး | ၆ |
| နောင်ပကပ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဝိုင်းမော်မြို့နယ် | ၈ |
| အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် | ၉ |
| (၁) နိဒါန်း -ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၉ |
| (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၁ |
| (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | |
| (က) လူဦးရေဆိုင်ရာ အချက်အလက်များ | |
| (ခ) စီးပွားရေးအခြေအနေ -ဝင်ငွေ ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| (ဃ) ကျန်းမာရေးနှင့်အဟာရ | |
| (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| (စ) ကျားမဆိုင်ရာ ဆက်နွယ်မှု | |
| (၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ | ၁၃ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ | |
| (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု | |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး | |

(ဆ)  လူငယ်နှင့်ယဉ်ကျေးမှု
(ဇ)  အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု- လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ)  တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅)  ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့်  ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅
(က)  ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ)  အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆)  ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ ၁၆
(၇)  ကျေးရွာတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၈
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ ၁၉
(က)  နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ)  ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ)  ဦးစားပေးစီမံချက်များ
(ဃ)  အကောင်အထည်ဖော်မည့်အချိန်ကာလ
(၉)  ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၅
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၇
(က)  ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ)  ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ)  ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ)  ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၄
(က)  ကြီးကြပ်စစ်ဆေးခြင်း
(ခ)  နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ)  နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ**


(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား-၁ လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား-၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား-၃ လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားနှုန်းထား

ဇယား-၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား-၅ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား-၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား-၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား-၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား-၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား-၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား-၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား-၁၂ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား-၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား-၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

ဇယား-၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား-၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား-၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား-၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား-၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား-၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား-၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား-၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား-၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ

ဇယား-၂၅   ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား-၂၆  ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား-၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား-၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား-၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား-၃၀  မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား-၃၁  ကျောင်းတက်နှုန်း
ဇယား-၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား-၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား-၃၄ အဖြစ်များသော ရောဂါများ
ဇယား-၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား-၃၆  ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား-၃၇  သောက်သုံးရေရရှိနိုင်မှု
ဇယား-၃၈ အိမ်သာအမျိုးအစား
ဇယား-၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား-၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား-၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား-၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား-၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား-၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား-၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား-၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား-၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား-၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)**

ကိုးကားစာရင်း

အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ

DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

HIV ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်

MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

MEB မြန်မာ့စီးပွားရေးဘဏ်

MMK မြန်မာကျပ်

MOALI စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

NGO အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

STD လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းကဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှ လည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်သည်လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု

အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါ ကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာလ၊၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နောင်ပကပ်ကျေးရွာ
ဝိုင်းမော်မြို့နယ်

နောင်ပကပ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝိုင်းမော်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့ အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ်ကိန်းဂဏန်း၊သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေ သော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက် များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေး လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်၊ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့ အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင် ရွက်ရမည့်လုပ်ငန်းများ အား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင် သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့ အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုး ရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သော ငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထား ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရ စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုး ပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဥ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါ သည်။

(၂)**ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

(က) **တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် ခတ်ချိုကျေးရွာအုပ်စုဝင်ဖြစ်ပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ဝိုင်းမော်မြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး ရွာ၏မြောက်ဘက်တွင် ခတ်ချိုကျေးရွာ၊ တောင်ဘက်တွင် လယ်ယာမြေများတည်ရှိသည်။အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မ(၂၈)ရှိသည်။၂၀၁၆ခုနှစ် စပါးပွင့်ချိန်တွင် မိုးနည်းသောကြောင့် စပါးပျက်ဆီးဆုံးရှုံးပါသည်။

(ခ) **သဘာဝအရင်းအမြစ်**

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်တင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။စိုက်ပျိုးရေးအတွက် မိုးရေသည်သာ အဓိက ဖြစ်သည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧကစုစုပေါင်း (၃၀၈.၈)ဧကရှိပြီး စပါးသာ အဓိကစိုက်ပျိုးကြသည်။

(၃)**ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) **လူဦးရေဆိုင်ရာအချက်အလက်**

အိမ်ထောင်စုပေါင်း(၁၃၇)စုနှင့် ကျား(၃၉၂)ဦး၊မ(၃၈၂)ဦးစုစုပေါင်း လူဦးရေ(၇၇၄)ဦးရှိပြီး တစ်အိမ်ထောင်လျှင် (၆)ဦးနှုန်းရှိပါသဖြင့် နိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက် ပိုသည်။ ကျေးရွာတွင် ရှမ်းလူမျိုးနှင့် ဂေါ်ရခါးလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည့် ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၇.၈%) ခန့်မှာ လူ သားအရင်းမြစ်ကောင်း တစ်ရပ် ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် (၁%)မျှ ပိုများသည်။ကျေးရွာအိမ်ထောင်စု စုစုပေါင်း(၅၃%)သည် ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စုများဖြစ်သည်။

(ခ)**စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ လျော့နည်းသည်။(၉.၄%)သည် ချမ်းသာမှုအဆင့်ဖြစ်ပြီး အလယ်အလတ်အဆင့်(၁၉.၇%)၊ (၇၀.၀၇%)သည် အလွန်ဆင်းရဲသောအဆင့်ဖြစ်သည်။ ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊လယ်ယာ သုံးစက်ကိရိယာပိုင်ဆိုင်မှု၊ တစ်နိုင်တစ်ပိုင် မွေးမြူရေး၊စိုက်ပျိုးရေးရှိမှုကြောင့်စီးပွားရေးအနေအထား အသင့်အတင့်ရှိပါသည်။အခြားလုပ်ငန်း လုပ်ကိုင်သူများလည်း လုပ်ငန်းလုပ်ကိုင်ဝင်ငွေရရှိပါသည်။ အလွန်ဆင်းရဲသောအဆင့်သည် ကျေးရွာတွင် အများဆုံးရှိသည်။မြေယာအနည်းငယ်ပိုင်သူများလည်း ရှိသည်။မြေယာမဲ့အိမ်ထောင်စုဦးရေမြင့်မားပြီး (၇၀.၀၇%)ထိရှိကာ ဆင်းရဲသော၊အလွန်ဆင်းရဲသော အိမ်ထောင်စု များဖြစ်သည်။

(ဂ)**ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ဆောက်လုပ်ရေး၊လက်လီလက်ကား၊တစ်နိုင်တစ်ပိုင်မွေးမြူရေး၊နိုင်ငံရပ်ခြားထွက်အလုပ်လုပ်ခြင်း လုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။အိမ်ထောင်စု၏ (၅%)မှာ (၁)လအောက် သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်အောင် စားနိုင်ကြောင်း တစ်ချို့မှာ(၆)လမှ(၁၂)လအထိမချေးမငှားဘဲနပ်မှန်အောင်စားသုံးနိုင်ကြသည်။အကြွေးတင်ရှိမှုတွင်အိမ်ထောင်စု အားလုံးသည် အကြွေးငွေ(၃၀၀၀၀)ကျပ်မှ (၁၀၀၀၀၀) ကျပ်အထိ ရှိကြသည်။

အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုဦးရေ(၃၃)ရှိသည်။ အိမ်ထောင်ဦးစီးနိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သော (၇၃)အိမ်ထောင်စုအများစုမှာ (၁၂)နှစ်အထက် သွားရောက်လုပ်ကိုင်နေသော အလုပ်သမားများဖြစ်ပြီး လုပ်သားဦးရေစုစုပေါင်း(၁၅၄)ဦးရှိပါသည်။ရွှေ့ပြောင်းလုပ်သားများအတွက် လုပ်ငန်းခွင်မလုံခြုံမှုနှင့် အာမခံမရရှိမှုများကြောင့် ထိခိုက်လွယ်သော လုပ်သားများဖြစ်ပါသည်။ ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရှာဖွေရန်ဖြစ်ပါသည်။

ထိခိုက်လွယ်မှုအခြေအနေမှာမိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို အသက်(၆၀)နှင့်အထက် (၄)ယောက်ရှိသည်။လူငယ်လူရွယ်များ မူးယစ်ဆေးဝါးသုံးစွဲနေသည့်အခြေအနေလည်းရှိသည်။မြစ်ချောင်းနှင့်ဝေးသည့်အတွက် မြစ်ရေလွှမ်းမိုးမှုအန္တရာယ်မှ ကင်းဝေးသည်။

(ဃ)**ကျန်းမာရေးနှင့်အဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြသည်။ အာဟာရပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်း ကျန်းမာကြသည်။သွေးလွန်တုပ်ကွေးရောဂါမှာယခုနှစ်ပိုင်းတွင် ဖြစ်ပွားမှုတွေ့ရသည်။ အမျိုးသမီးလူငယ်လူရွယ် သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေး အသိအမြင်များရှိကြသည်။ ကျေးရွာရှိ ရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ခတ်ချိုရွာမ

တွင် ရရှိနိုင်ပြီး (၃)မိုင်ကွာဝေးသော ကားလမ်းဖြင့် အလွယ်တကူသွားနိုင်သည့် မြို့နယ်ဆေးရုံ၊ဆေးဆိုင်များနှင့် လက်လှမ်းမှီပါသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊တွင်းရေသာ အဓိကထားသောက်သုံးရသည်။ ရေတွင်းအရေအတွက် နည်းပါးသည်။ဝမ်းပျက်၊ဝမ်းလျှော၊တိုက်ဖိုက်၊အစာအိမ်ရောင် စသည့်ရောဂါများဖြစ်ပွားမှု နည်းပါးသည်။

(င)**ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းမှာ နိမ့်ကျနေပါသည်။လူကြီးပိုင်းအများစုမှာ စာမတတ်သူများဖြစ်သည်။အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြသူများမှာ လူလတ်ပိုင်းနှင့်လူငယ်များသာဖြစ်သည်။ ရွာတွင် မူလတန်းကျောင်းသာရှိ၍ အလယ်တန်းနှင့် အထက်တန်းကို ခတ်ချိုကျေးရွာတွင် တက်ရောက်ပညာသင်ကြားကြရသည်။အခက်အခဲအမျိုးမျိုးကြောင့်ပညာဆုံးခန်းတိုင်အောင်မသင်ကြားကြရပါ။ဘွဲ့ရအရေအတွက် အလွန်နည်းပါးသည်။အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုမှာ နိမ့်ကျဆဲ အလုပ်အကိုင်အခွင့်အလမ်းများ လူငယ်များအတွက် နည်းပါးလျက်ရှိသည်။

(စ)**ကျား-မရေးရာကိစ္စဆိုင်ရာ**

ကျေးရွာစီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်စွမ်းဆောင်နိုင်ခြင်းမရှိပါ။ အမျိုးသမီးများ ပါဝင်မှု အားနည်းသည်။ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံ ခြင်းမရှိပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ဆိုနိုင်သည်။ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်နှင့် အဆင့်မြင့်ပညာသင်ယူတတ်မြောက်မှုတွင် အမျိုးသားများက အမျိုးသမီးများထက် ပြီးမြောက်နှုန်းပိုများသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခများမှာ အမျိုးသားများက ပိုမိုရရှိကြပါသည်။ကျေးရွာတွင်နေ့တွက်လုပ်အားခမှာ အမျိုးသားများက အမျိုးသမီးရေးရာအဖွဲ့တို့သည် အိမ်တွင်း အကြမ်းဖက်မှုနှင့် ကျေးလက်ကျန်းမာရေးဌာနမှ ဆေးတိုက်ကျွေးခြင်း၊ကာကွယ်ဆေးထိုးနှံမှု စသည် တို့တွင် ပါဝင်လှုပ်ရှားပေးကြသည်။

## ၄။ **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

### (က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့ရှိသည်။ ပြင်ပမှဖွဲ့စည်းပေးသော မိခင်နှင့် ကလေးစောင့်ရှောက်မှုအသင်းနှင့်အမျိုးသမီးရေးရာအဖွဲ့ လုပ်ဆောင်မှုအား အသင့်တင့်ရှိပါသည်။ အသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေး ဆိုင်ရာစီမံ အုပ်ချုပ်မှု ပိုမိုကောင်းမွန်လာနိုင်ပါသည်။

(ခ)**သီးနှံနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးကြသည်။ စပါးစိုက်ဧက (၃၀၈.၈)ဧကရှိသည်။စပါး ပျမ်းမျှအထွက်နှုန်းမှာ(၄၅)တင်းရှိပါသည်။တောင်သူများသည်လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားများလုံလောက်မှု မရှိသည့်ပြဿနာကို ရင်ဆိုင်ရပြီး လုပ်အားခပိုမိုငှားရမ်းကြရပါသည်။

ကျွဲ၊နွားများမွေးမြူမှုရှိသော်လည်း လုပ်ငန်းခွင်အတွက်သာဖြစ်သည်။စီးပွားဖြစ်မွေးမြူခြင်း မရှိကြပါ။ တစ်နိုင်တစ်ပိုင် မွေးမြူမှုရှိပြီး တစ်ခါတစ်လေ ရောဂါကူးစက်မှုများကြောင့် ကြက်၊ ဝက်၊ အသေအပျောက်ရှိတတ်သည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် ကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေလုပ်ငန်းများမှာ နေ့စားအလုပ်၊ဈေးရောင်း၊ထုတ်ကုန်လုပ်ငန်း(ဆန်စက်)အသေးစားတစ်နိုင်တစ်ပိုင်ဝမ်းစာအတွက်သာ လည်ပတ်ရသည်။ အခြား လုပ်ငန်းအများစုမှာ ထိုင်း၊တရုတ်၊မလေးရှားအဝေးသို့ အလုပ်သွားရောက်လုပ်ကိုင်ပြီး မိသားစု ဝမ်းစာအတွက် ဖြေရှင်းရသည်များလည်း ရှိသည်။အများစုမှာ အခြေခံအလုပ်သမားများ ဖြစ်ကြသည်။

(ဃ) **သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် ပိုးသတ်ဆေး၊ဓါတုမြေသြဇာများ စိုက်ပျိုးရေးအတွက် အသုံးပြုကြသူများရှိသလို သဘာဝမြေသြဇာများ အသုံးပြုကြသူများလည်း ရှိကြသည်။မြေဆီသြဇာအတွက် အန္တရာယ်ဖြစ်စေမှု နည်းပါးကြောင်းတွေ့ရသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလည်း အမှိုက်များကို စနစ်တကျစွန့်ပစ်မှု နည်းပါး သည်။

(င)**ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ချေးငွေ၏ အတိုးနှုန်းမှာပြား(၈၀)ဖြစ်သည်။ လယ်ပြေစာရှိသောသူများသာ ချေးငွေရရှိသည်။အခြားအသေးစား လယ်ချေးငွေလုပ်ငန်းများ မရှိပါ။ကျေးရွာတွင်ငွေကြေးအရင်းအနှီးလိုအပ်ချက်များရှိပြီး မြစိမ်းရောင်၊သမဝါယမအဖွဲ့များနှင့် NGO အဖွဲ့များလာရောက်ကူညီပေးနိုင်ပါက ပိုမိုအောင်မြင်လာနိုင်ပါသည်။

(စ) **ပညာရေး၊ကျန်းမာရေး၊ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကျောင်းသည် (၁၃၈'x၂၀'x၁၂)မြင့် အရွယ်ရှိ သွပ်မိုး၊အုတ်နံရံကာနှင့် အင်္ဂတေခင်းကျောင်းဆောင်ဖြစ်သည်။ရွာသားများသက်ကြီးပိုင်းတွင် စာမတတ်သူများပါသည်။ကျန်ရွာသားများအရေးအဖတ်တတ်မြောက်ကြသည်။ကျောင်းတွင် ပရိဘောဂများလိုအပ်မှုရှိနေပါသည်။ ဆရာ/မများ ယခုနှစ်မှသာ ပြည့်စုံမှုရှိပ သည်။ ကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်ကို နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ခတ်ချိုရွှာမတွင်သာ ရှိပါသည်။သောက်ရေအတွက် ရေတွင်းကိုသာအသုံးပြုသည်။ရွာထဲတွင်ရေတွင်းအရေအတွက်နည်းပါးသည်။ချမ်းသာသောအိမ်ထောင်စုများမှာ အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်အသုံးပြုကြသည်။ဆင်းရဲသူများ ဝါးရိုင်ပတ်ဖြင့် အသုံးပြုကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်အသုံးပြုကြသည့်အတွက် ယင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါ ဖြစ်ပွားမှုနည်းပါးသည်။စာသင်ကျောင်းတွင် ကျောင်း အိမ်သာစနစ်တကျဆောက်လုပ်ထားပါသည်။

(ဆ)**လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် သီးသန့်အပန်းဖြေအနားယူနိုင်မည့်နေရာ သီးသန့်မရှိပါ။ ကျေးရွာရှိ လူမှုရေးလုပ်ငန်းများ ဘာသာရေးပွဲများတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြသည်။ ရိုးရာအကများဖြင့် တင်ဆက်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သီးသန့်ဖော်ဆောင်ခြင်းမရှိပါ။

(ဇ)**အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာရှိ ရွာတွင်းလမ်းမှာ ကျောက်ခင်းလမ်းဖြစ်သည်။ကား၊ဆိုင်ကယ်၊သုံးဘီးများ အသုံးပြုမောင်းနှင်ကြသည်။အဓိကကျောင်းသွားရန်လမ်းမှာ ကောင်းမွန်ခြင်းမရှိပါ။လယ်ယာထုတ်ကုန်သယ်ယူရေးလမ်းများလည်းပျက်ဆီးမှုများရှိနေသည်။ တံတားမရှိပါ။ လမ်းပန်းဆက်သွယ်ရေး သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး၊ဆိုင်ကယ်၊ သုံးဘီး၊ နွားလှည်း၊ကားစသည်တို့ဖြင့် အသုံးပြုကြသည်။ရေ လမ်းအသုံးပြုမှု မရှိပါ။

လျှပ်စစ်မီးကို (၂၀၁၅)ခုနှစ်မှစ၍ရရှိသုံးစွဲကြသည်။မိုဘိုင်းဖုန်းအသုံးပြုမှုရှိသည်။ဆက်သွယ်ရေးအတွက် အဆင်ပြေကြသည်။ သတင်းအချက်အလက်အတွက် တီဗွီ၊ရေဒီယို၊ဂြိုလ်တုစလောင်းများ ကြည့်ရှုခြင်းမှ ရရှိသည်။ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။စာဖတ်မှုအားနည်းသည်။တစ်ရွာလုံး အတိုင်းအတာဖြင့် ဆက်သွယ်ရေးအသင့်တင့် ကောင်းမွန်ပါသည်။

(ဈ)**တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိပါသည်။ သို့သော် လူကုန်ကူးမှုပြဿနာသည်ကျေးရွာ၌ တစ်ခါဖြစ်ပွားမှုရှိခဲ့ပါသည်။လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု အခြေအနေရှိသည်။ ကျေးရွာတွင် သဘာဝအန္တရာယ်လျော့ပါးခြင်းအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။

**၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ**

ကျေးရွာတွင် သီးနှံစိုက်ပျိုးရန်မြေနေရာများ ပိုင်ဆိုင်ကြသည်။သီးနှံအထွက်နှုန်းတိုးစေရန် သဘာဝမြေဆီသြဇာအသင့်အတင့် ကောင်းမွန်သည်။

မွေးမြူရေးတွင် အိမ်မွေးခိုင်းနွားများအတွက် စားကျက်မြေမရှိပါ။အင်းအိုင်ချောင်းများမှ ရေရရှိပါသည်။ အိမ်တွင်းဝမ်းစာအတွက် နို့စားနွားများလည်း အနည်းငယ်မွေးမြူကြသည်။မွေးမြူရေးကို စီးပွားဖြစ် ပြုလုပ်ခြင်း မရှိပါ။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ၊ရောင်းဝယ်ရေးများ ပြု လုပ်ကြသည်။ ရွာမှ ထွက်ရှိသော သန့်ရှင်းလတ်ဆတ်သော ခြံထွက်သီးနှံများ ဟင်းသီးဟင်းရွက်များကို သုံးဘီးဆိုင်ကယ်ဖြင့် ပို့ဆောင်ရောင်းချကြသည်။အိမ်ဆိုင်ဖွင့်၍ မီးဖိုချောင်သုံး အစားအသောက်များ မုန့်ပဲသရေစာများ ရောင်းချသည် များလည်း ရှိသည်။

ရွာရှိ လူငယ်လူရွယ်များမှာ ကျေးရွာအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပါဝင်စွမ်းဆောင် နိုင်စွမ်းရှိသည်။ လူငယ်များအတွက် သက်မွေးပညာသင်တန်းများ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ် တိုးတက် ကောင်းမွန်စေပါမည်။

ပညာရေးအတွက် ကျောင်းနှင့်ပံ့ပိုးပစ္စည်းများ ကောင်းသောအဆင့်တွင် ရှိသည်။ကျန်းမာရေးလည်း ကောင်းမွန်ကြသည်။စိုးရိမ်ရသော ဆေးဝါးကုသမှု လိုအပ်မှုအတွက်လည်း ဝိုင်းမော်မြို့ နယ်ဆေးရုံသို့ သွား ရောက် ကုသနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိခြင်းကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှု အေးချမ်းစေသည်။မိုဘိုင်းဖုန်းအသုံးပြုမှုရှိပြီး ဆက်သွယ်ရေးကောင်းမွန်သည်။အင်တာနက် အသုံး ပြုမှုအနည်းငယ်သာရှိ၍ သတင်းအချက်အလက်များအတွက် အသုံးပြုနိုင်သည်။

(ခ)**အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်တင့်ကောင်းမွန်သော်လည်း အခြားသယံဇာတများ မထွက်ရှိပါ။သဘာဝမြေသြဇာအသုံးပြုသော်လည်း လုံလောက်မှုမရှိပါ။စိုက်ပျိုးရေးအတွက် ဘဏ်ချေးငွေထုတ် ပြီးမှသာ လုပ်ကိုင်ကြရသည်။အိမ်တွင်းမှုထုတ်လုပ်ငန်းမရှိပါ။တစ်နိုင်တစ်ပိုင် မွေးမြူရေးသာရှိပြီး တစ်ခါတစ်ရံ ကူးစက်ရောဂါများကြောင့် အသေအပျောက်ရှိတတ်သည်။စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားလုပ်ငန်းများ လုပ်ကိုင်ရန် ငွေအရင်းအနှီးမရှိကြပါ။

**၆။ပန်းတိုင်နှင့်မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

(၁) ရွာတွင်းလမ်း၊ကုန်ထုတ်လမ်း၊စားကျက်မြေရရှိရေး စသည့်စီမံချက်များအကောင် အထည်ဖော်ခြင်း ဖြင့် ကျေးရွာရှိဝင်ငွေအခွင့်အလမ်းပိုမိုတိုးတက်စေခြင်း၊မွေးမြူရေးများပြုလုပ် နိုင်ခြင်း၊ပညာသင်ယူ နေကြသော ကျောင်းသူများ ရွာသားများ သွားလာရေး၊သယ်ယူပို့ ဆောင်ရေးအဆင်ပြေ ချောမွေ့စေ မည်။

(၂)ကျောင်းအိမ်ဆောင်၊ရေစင်၊စည်းရုံး/ဆေးပေးခန်းရရှိရေး စီမံချက်များအကောင်အထည်ဖော်ခြင်းဖြင့် ဖြင့် ကျောင်းသား/သူများပေါ်ပေါက်လာမည်။ရွာသားများ ကျန်းမာရေးပျော်ရွှင်စွာ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင်နိုင်မည်။

(၃)သောက်သုံးရေ၊မီးသတ်ရေကန်ရရှိခြင်းဖြင့် ရွာသူ/သားများအတွက် သောက်သုံးရေဖူလုံစွာ ရရှိပြီး ကျန်းမာစွာစိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်မည်။ကျေးရွာတွင်းမီးဘေးအန္တရာယ် အတွက် ကြိုတင်ပြင်ဆင်မှုများဖြစ်စေမည်။

(၄)ရှမ်းစာပေနှင့် ယဉ်ကျေးမှုကျောင်း၊ လူငယ်အလုပ်အကိုင်နှင့် ပညာရေးလုပ်ငန်းများအတွက် ဖော်ဆောင်ရာတွင် ကိုယ့်လူမျိုး၏စာပေနှင့် ယဉ်ကျေးမှုကို မြတ်နိုး တန်ဖိုးထားထိန်းသိမ်းတတ်ခြင်း လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်စေခြင်းဖြင့် လူသားအရင်းအမြစ်များ ပေါ်ပေါက်စေမည်။

(ခ)**အကောင်အထည်ဖော်နည်းဗျူဟာ**

(၁) ရွာတွင်းလမ်း၊ကုန်ထုတ်လမ်း၊စားကျက်မြေရရှိစေရန် ကျေးရွာမှလုပ်အားများ ပါဝင်ကူညီလမ်းခင်းပါမည်။ လိုအပ်သောသဲ၊ ကျောက်များကို ပွင့်လင်းရာသီချိန်တွင် သယ်ယူပို့ဆောင်ထားပါမည်။ ငွေကြေးထောက်ပံ့မှုကို ကျေးလက်ဖွံ့ဖြိုးရေးရုံးနှင့် သက်ဆိုင်ရာဌာနအသီးသီးတို့၏ အကူအညီကို ရယူပါမည်။နိုင်ငံတော်မှ ယခင်ရပ်ရွာပိုင်မြေကွက်လပ်များကို စားကျက်မြေအဖြစ် သတ်မှတ်ပေးနိုင်ရန် တောင်းခံတင်ပြပါမည်။

(၂) စာသင်ကျောင်းစည်းရိုးကာရံခြင်း သောက်သုံးရေရေစင်ရရှိအောင် ဆောင်ရွက်ခြင်း ဆရာ/မအိပ်ဆောင်ရရှိရန် ကျောင်းအကျိုးတော်ဆောင်၊ ရပ်ရွာမိဘများ အကူအညီဖြင့် ကြိုတင်ပြုလုပ်ခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေးအကူအညီရယူခြင်း၊ဆေးပေးခန်းဖွင့်လှစ်နိုင်ရန် ဌာနအသီးသီးတို့၏ အကူအညီ ရယူပြီး ဆောင်ရွက်ပါမည်။

(၃)သောက်သုံးရေ၊မီးသတ်ရေကန်ရရှိနိုင်အောင် ရပ်ရွာမှ လုပ်အားကူညီခြင်း၊အရံမီးသတ်တပ်ဖွဲ့ထားရှိခြင်း၊ရန်ပုံငွေရှာရန်အတွက် လူငယ်များမှ ဆောင်ရွက်ခြင်း၊ပုဂ္ဂလိကအလှူရှင်များ ရှာဖွေခြင်းများ ပြုလုပ်သွားပါမည်။

(၄)ရှမ်းစာပေနှင့် ယဉ်ကျေးမှုကျောင်း၊လူငယ်အလုပ်အကိုင်နှင့်ပညာရေးလုပ်ငန်းများအတွက် ဆောင်ရွက်နိုင်ရန် ရပ်ရွာမှ ကာယဉာဏလုပ်အားတတ်နိုင်သလောက် ကူညီခြင်း၊အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် သင်တန်းများတက်ရောက်စေခြင်း၊ပြန်လည်အသုံးချနိုင်အောင်ပံ့ပိုးခြင်း၊ရှမ်းစာသင်တန်းများ ဖွင့်လှစ်ခြင်း၊လူငယ်နှင့် မိဘများ ပညာရေးပိုမို စိတ်ဝင်စားအောင်စည်းရုံးခြင်း စသည်တို့ကို ပြုလုပ်သွားပါမည်။

## ၇။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) **ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည် စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ် သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက်များ ပြင်ဆင်ရန်ဖြစ်သည်။

### (ခ)**စံချိန်မီစာသင်ကျောင်းဆောင် ဆောက်လုပ်ခြင်း**

ကျေးရွာစာသင်ကျောင်းဆောင်များမှာ အနည်းငယ်ဟောင်းနွမ်းနေပြီး ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့ သဖြင့် အရည်အသွေးပိုင်းတွင် အားနည်းမှုရှိသောကြောင့် စံချိန်မီသော စာသင်ကျောင်း ဆောင်တစ်ဆောင်နှင့် အားကစားပစ္စည်းအချို့အား သက်ဆိုင်ရာအစိုးရဌာနများဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့်ကျေးလက်ကျန်းမာ ရေးဌာနတို့မှ တာဝန်ယူဆောင်ရွက်ပေးသင့်သည်။

### (ဂ)**ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း**

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းမှာ အနည်းငယ်ကောင်းမွန်မှုမရှိဘဲ မြေသားလမ်းသာ ဖြစ်နေ ပါသည်။ကျေးရွာတွင်လည်း ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ထားကြသဖြင့် လမ်းအဆင့်မြှင့် ပြုပြင်ရန် ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ထို့ကြောင့် နိုင်ငံတော် မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနနှင့် ကျေးရွာလမ်းနှင့်ရွာချင်းဆက်လမ်းများအား အဆင့်မြှင့်ပြုပြင်ပေးသင့်ပါသည်။ ကျေးရွာချင်းဆက်လမ်း ပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာ နှင့်တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာ အထောက်အကူပြုနိုင်ပေမည်။

(ဃ)**စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး**

ကျေးရွာသည် စိုက်ပျိုးရေးကောင်းမွန်ဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ်ပြီး တစ်နှစ်ပတ်လုံးစိုက်ပျိုးရေရရှိနိုင်သည်။သို့သော် လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ ရာသီဥတုဖောက် ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲ ကြုံတွေ့ရတတ်ပေသည်။စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံး ပစ္စည်းကိရိယာရောင်းချသော ကုမ္ပဏီများနှင့်ချိတ်ဆက် ပေးသင့်ပါသည်။ထို့အပြင် အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင် ရေးများကိုလည်း ဆောင်ရွက်ပေးသင့်ပါသည်။

(င)**အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဖန်တီးပေးရေး**

နောင်ပကပ်ကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာ အာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး ဂိမ်းကစားခြင်း လက်ဖက်ရည်ဆိုင်ထိုင်ခြင်းများဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ထိုနည်းတူစွာပင် လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်းအတည်တကျ မရှိဘဲ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပန်းအဖြစ် လုပ်ကိုင်စားသောက်နေကြရသည်။ထိုသူများအတွက် သင့်တော်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများရရှိ အောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့်ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့်ပါသည်။

၈။ **စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်အထည်ဖော်မည့်နည်းလမ်းဖြစ်သည်။နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်အထည်ဖော်မည်ဆိုသည့် သဘောပင်ဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ငါးနှစ်တာစီမံချက်အတွင်း ပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက (၅)နှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်ပေါက်လာပါမည်။ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မူဘောင်သည် သဘာဝအန္တရာယ် ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှု သိသိသာသာမရှိနိုင်ဘဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် ငါးနှစ်တာစီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

(ခ) **ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရ ခွဲခြားခြင်း(Functional Classification) နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှု ဆိုင်ရာရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Functional Classification) ဟူ၍ နှစ်မျိုးရှိသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(FunctionalClassification)တွင်-

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ ပါဝင်သည်။

(ဂ) **ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာအဖွဲ့များနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ | | | | | |
|---|---|---|---|---|---|
| **ကဏ္ဍ/ ကဏ္ဍအဖွဲ့** | **စီမံချက်** | **ရမှတ် ပေါင်း** | **ဦးစား ပေး အဆင့်** | **ဖော်ပြချက်** | **မှတ်ချက်** |
| ကျေးရွာအ ဆောက်အဦ | ၁။လမ်းပန်းဆက် သွယ်ရေးတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၉၂ | ၁ | -ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း။ပေ(၂၀၀)<br>-ရွာချင်းဆက်လမ်းခင်းခြင်း<br>-ရေပြွန်(၂)စင်း ဆောက်လုပ်ခြင်း | ကျေးလက် ဦးစီးဌာန |
| ပညာရေး စာသင်ကျောင်း | ၂။ကလေးပျော်၍ ဘက်စုံတော်စေ သည့်ကျောင်းအဖြစ် ဖန်တီးတည်ဆောက် ခြင်း | ၇၂ | ၂ | -အရိပ်ရကစားကွင်း နေရာနှင့် ဆီးဆောဒန်း၊ဘာဒန်းစသည်ဖြင့် စီမံထားခြင်း<br>-ပုံစံဝင်သောကျောင်းဆောင် ဆောက်လုပ်ခြင်း | |
| စိုက်ပျိုးရေး | ၃။စိုက်ပျိုးရေးလုပ် ငန်းများမှ ဝင်ငွေ တိုးတက်ရရှိရေး | ၇၂ | ၃ | -စိုက်ပျိုးရေးချေးငွေများလုံလောက်စွာရရှိနိုင်ရေး<br>-လယ်ယာသုံးစက်ကိရိယာများ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်း အသုံးပြုနိုင်ရေး | |
| ဘဏ်နှင့်ငွေ ကြေးဝန်ဆောင် မှုလုပ်ငန်း | ၄။ဘဏ်များ၊ငွေ ကြေးဝန်ဆောင်မှု အဖွဲ့များနှင့်ချိတ် ဆက်ဆောင်ရွက်နိုင် | ၆၈ | ၄ | -ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြင်ပငွေကြေးအဖွဲ့အစည်းများနှင့် အကျိုးတူ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ဆောင်ရွက်ခြင်း<br>-ပြင်ပအဖွဲ့အစည်းများမှ အတိုးနှုန်းသသက်သာသော အရင်းအနှီး ဆိုင်ရာ ချေးငွေများရရှိရန် ဆောင်ရွက်ခြင်း | |

| | | | | | |
|---|---|---|---|---|---|
| | ရန် စီစဉ်ခြင်း | | | | |
| လူငယ်ဖွံ့ဖြိုးရေး | ၆။သက်မွေးဝမ်းကျောင်းနည်းပညာပြန့်ပွားလာရေး | ၅၄ | ၈ | -သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ပို့ချပေးခြင်း<br>-အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်း | |
| စီမံအုပ်ချုပ်မှုစနစ် | ၇။ကျေးရွာအဖွဲ့အစည်းများ စွမ်းရည်မြှင့်အစီအစဉ်များလုပ်ဆောင်ခြင်း | ၅၀ | ၇ | -ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ခြင်းသင်တန်း<br>-ငွေစာရင်းသင်တန်း<br>-အဖွဲ့အစည်းဆိုင်ရာ သဘောတရားရေးရာသင်တန်း | |
| မွေးမြူရေး | ၈။မွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေ တိုးတက်ရရှိရေး | | ၉ | -မွေးမြူရေးချေးငွေများ ပိုမိုရရှိရန် ဆောင်ရွက်ခြင်း<br>-ခေတ်မီမွေးမြူရေးစနစ်များ လက်တွေ့ဆောင်ရွက်ခြင်း<br>-မွေးမြူရေးနည်းပညာသင်တန်းများ ပို့ချပေးခြင်း | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | **စီမံချက်(Project)** | ဦးစားပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၁ | A | A | A | | |
| ၂ | ကလေးပျော်၍ဘက်စုံတော်စေသည့်ကျောင်းအဖြစ် ဖန်တီး တည်ဆောက်ခြင်း | ၂ | | A | A | | |
| ၃ | စိုက်ပျိုးရေးလုပ်ငန်းများမှဝင်ငွေတိုးတက်ရရှိရေး | ၃ | A | A | A | | |
| ၄ | ဘဏ်များ၊ငွေကြေးဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ရန်စီစဉ်ခြင်း | ၄ | A | A | A | | |
| ၅ | သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ပို့ချပေးခြင်း | ၅ | | A | A | | |
| ၆ | ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့်အစီအစဉ်များလုပ်ဆောင်ခြင်း | ၆ | A | A | A | | |
| ၇ | မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိရန် ဆောင်ရွက်ခြင်း | ၇ | | A | A | | |

**၉။ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် အချို့

စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊အချိန် စသည်တို့)

| စဉ် | စီမံချက် | ရန်ပုံငွေ | **ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်)** | | | |
|---|---|---|---|---|---|---|
| | | | သာ မန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံး စရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှု အထောက်အပံ့ |
| ၁ | လမ်းပန်းဆက်သွယ်ရေးတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | | | √ | | |
| ၂ | ကလေးပျော်၍ ဘက်စုံတော်စေသည့် ကျောင်းအဖြစ် ဖန်တီးတည် ဆောက်ခြင်း | | | √ | | |
| ၃ | စိုက်ပျိုးရေးလုပ်ငန်းများမှဝင်ငွေတိုးတက်ရရှိရေး | | | √ | | |
| ၄ | ဘဏ်များ၊ငွေကြေးဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်ခြင်း | | | √ | | |
| ၅ | သက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများပို့ချပေးခြင်း | | | | √ | |
| ၆ | ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့်အစီအစဉ် များလုပ်ဆောင်ခြင်း | | | | √ | |
| ၇ | မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိရန် ဆောင်ရွက်ခြင်း | | | √ | | |

## ၁၀။ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်ပါသဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိသည်။

### (က) **ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ကော်မတီအသီးသီးတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ)**ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုအပ်ပါမည်။ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပါမည်။လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာထုတ်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် မြို့နယ်လယ်ယာစိုက်ပျိုးရေးဦးစီး ဌာနနှင့်ဌင်းလမ်း၊ တံတား အထောက်အကူပြုအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### ၁၀.၃ **ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင် ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများအတွက်အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။အချို့ကိစ္စများတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကျေးရွာကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့် ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ထို့အပြင်တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်သွားပါမည်။

## (၁၁)**စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ

ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

## (၁၁.၁)**ကြီးကြပ်စစ်ဆေးခြင်း**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။၎င်းစစ်ဆေးခြင်းကို(၃)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါသည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့်အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်၍ ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်အလက်များအပေါ် ဦးတည်ပါမည်။

### (က) **လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု**

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ

- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

(ခ) **ငွေကြေးဆိုင်ရာတိုးတက်မှု**

- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့်အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန်အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။အစီရင်ခံစာသည် စာမျက်နှာ(၂-၃)မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှု ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကို တိုင်းတာသည့် အညွှန်းကိန်း(Indicator)ကို တည်ဆောက်ရပါမည်။ ရာအိမ်မှူးများ၊ ကျေးရွာသူ/သားများပြုပြင် ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ပါဝင်သည်။

(ခ)**နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ် (၁)နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှု့ထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်စေပါမည်။ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂလိက များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။

ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေး ထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊သတင်းမီဒီယာများ၊ဖွံ့ဖြိုးရေးအဖွဲ့အစည်း

များ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သော သက်ဆိုင်သူများထံမှ အကြံပြုချက်၊သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်းများ | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| | **စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| ၁။ | လယ်ယာ မြေများသီးနှံစိုက်ပျိုးရန် ရေ လုံလောက်စွာ မရရှိခြင်း | -ဆည်မြောင်းရေများ မရရှိခြင်း | -လယ်ယာမြေဝန်းကျင်၌ ယခင်ပြုလုပ်ထားသော ဆည်မြောင်းများရှိခြင်း<br>-ဆည်မြောင်းကန်ဘောင်များ ခိုင်ခံ့စွာတည်ရှိနေခြင်း | -ဆည်မြောင်းရေများရရှိရန် တာဝန်ရှိသူများ ဂရုစိုက်မှုအားနည်းခြင်း<br>-ဆည်မြောင်းကန်ဘောင်များသန့်ရှင်းမှု မရှိခြင်း | -ဆည်မြောင်းရေများရရှိရန် တာဝန်ရှိသူများမှ ကြီးကြပ်ဆောင်ရွက်ပေးခြင်း<br>-ဆည်မြောင်းရေများကောင်းမွန်စွာ စီးဆင်းနိုင်ရန်ဆည်မြောင်းကန်ဘောင်များသန့်ရှင်းပေးခြင်းအားဖြင့် ရေလွယ်ကူစွာ ရရှိနိုင်ခြင်း | -ဆည်မြောင်းရေများကောင်းမွန်စွာရရှိနိုင်ရေးအတွက် ဆည်မြောင်းဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း |
